# သတင်းထုတ်ပြန်ချက်

၂၀၁၆ ခုနှစ်၊ ဧပြီလ (၀၈) ရက်။

**လက်ရှိ Media တွင်ဖော်ပြလျှက်ရှိသောသတင်းများနှင့်ပတ်သက်၍၊ MPRL E&P Group of Companies ၏လုပ်ငန်းဆောင်တာများကို ပွင့်လင်းမြင်သာစွာဖြင့်၊ ဥပဒေဘောင်အတွင်းမှဆောင်ရွက်လျှက်ရှိသည့်အဖွဲ့.အစည်းတစ်ခုအနေဖြင့်၊ ခိုင်မာစွာရပ်တည်လျှက်ရှိကြောင်း။**

**လူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ လုပ်ငန်းအစုအဖွဲ့.မှသော်လည်းကောင်း၊ ၎င်းတို့ကုမ္ပဏီများအားပြည်ပနိုင်ငံများ၌ Register လုပ်ထားရခြင်း၏အကြောင်းအရင်း?**

တစ်ဦးတစ်ယောက်မှဖြစ်စေ၊ ကုမ္ပဏီအစုအဖွဲ့.များမှဖြစ်စေ၊ ၎င်းတို့၏ကုမ္ပဏီများကို၊ ပြည်ပနိုင်ငံများ၌သွားရောက် Register လုပ်ရာတွင်၊ တစ်ဦးနှင့်တစ်ဦးမတူညီသောရည်ရွယ်ချက်များဖြင့်ဆောင်ရွက်လေ့ရှိကြပါသည်။ ထိုသို့ ပြည်ပနိုင်ငံ၌သွားရောက်ဆောင်ရွက်သည့်ကုမ္ပဏီမျိုးကို " Offshore Company" ဟုခေါ်လေ့ရှိပြီး၊ အကြောင်းပြချက်များစွာဖြင့်၊ ပုဂ္ဂလိကလုပ်ငန်းများမှ "Offshore Company" များ တည်ထောင်လေ့ရှိပါသည်။

- အချို့.မှာအခွန်အခများပေးဆောင်ခြင်းမှရှောင်လို၍လည်းကောင်း၊
- အချို့.မှာ – ၎င်းတို့တရားမဝင် (မူးယစ်ဆေးရောင်းဝယ်ခြင်းလုပ်ငန်း၊ လက်နက်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်း) တို့မှ ရရှိထားသည့်ဝင်ငွေ (ငွေမဲ) များကို ငွေဖြူဖြစ်အောင် ဆောင်ရွက်လို၍လည်းကောင်း၊
- Sanction သတ်မှတ်ထားသည့်နိုင်ငံများတွင်၊ စီးပွားရေးဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊

ထို့အတူ၊ နိုင်ငံတကာအဆင့်မီကုမ္ပဏီကြီးများ နှင့် လုပ်ငန်းအစုအဖွဲ့.များမှလည်း "Independent Entities" လွတ်လပ်စွာရပ်တည်နေသော သီးခြားအဖွဲ့.အစည်းများအနေဖြင့်၊ British Virgin Islands (BVI) / Jersey / Marshall Islands / Singapore & Hong Kong အစရှိသည့်တိုင်းပြည်များတွင် Offshore Company များကိုသွားရောက်တည်ထောင်သည့်အလေ့အထရှိကြပါသည်။ ထို့အပြင်၊ ကုမ္ပဏီကြီးများအနေဖြင့်၊ ဖွံ့.ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် "Offshore Company" (သို့မဟုတ်)

"Special Purposes Vehicles, or SPVs" အနေဖြင့်လာရောက်ဆောင်ရွက်လျှက်ရှိပါသည်။ ဥပမာ – Privately Owned ကုမ္ပဏီများအားအချိန်မရွေးပြည်သူပိုင်သိမ်းနိုင်သည့်၊ သိမ်းခဲ့သည့် ရာဇဝင်လည်းရှိသည့်ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့်မြန်မာနိုင်ငံသို့လာရောက်ဆောင်ရွက်ရာတွင် Offshore Registered Company အား အသုံးပြုခြင်းဖြင့်၊ တသီးတခြား Independent Entities များ တည်ထောင်လုပ်ကိုင်ကြသည့်အတွက်၊ ဥပဒေဘောင်အတွင်းမှကြည့်မည်ဆိုပါက၊ ၄င်းကုမ္ပဏီများတွင်နိုင်ငံရေးအရသော်လည်းကောင်း၊ ပိုင်ဆိုင်မှုအရသော်လည်းကောင်းအကြောင်းတစ်စုံတစ်ရာရင်ဆိုင်ပေါ်ပေါက်လာပါက၊ မိခင်ကုမ္ပဏီသို့ အနည်းငယ် (သို့မဟုတ်) လုံးဝအကျိုးသက်ရောက်မှုမရှိစေပါ။

လက်ရှိ၊ မြန်မာပြည်အတွင်းလာရောက်ဆောင်ရွက်နေသည့် နိုင်ငံတကာရေနံကုမ္ပဏီအများစုအနေဖြင့်၊ " Offshore Company" (သို့မဟုတ်) (Special Purposes Vehicles, or SPVs) အနေဖြင့်၊ တည်ထောင်ထားကြပြီး၊ ၄င်းတို့၏မိခင်ကုမ္ပဏီများဖြင့်ချိတ်ဆက်ဆောင်ရွက်လျှက်ရှိကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၅ ခုနှစ်မှ ယနေ့ထက်တိုင်၊ အမေရိကန်နိုင်ငံအပါအဝင် Western European နိုင်ငံများ၏ Sanction (စီးပွားရေးပိတ်ဆို့မှု) ဒဏ်ကိုနှစ်ပေါင်းများစွာခံခဲ့ရပါသည်။ အဆိုပါ၊ စီးပွားရေးပိတ်ဆို့မှုကြောင့်၊ မြန်မာကုမ္ပဏီများသည်နိုင်ငံခြားကုမ္ပဏီများဖြင့်ဖက်စပ်လုပ်ငန်းဆောင်ရွက်ရန်အလွန်ခက်ခဲပါသည်။ ထိုအချိန်က၊ မန်းရေနံမြေတွင် အမေရိကန်အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် Baker Hughes Co., မှ MPRL E&P နှင့် Joint Venture Partner (JVP) အနေဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ MPRL E&P သည် Foreign Registered Company တစ်ခုအနေဖြင့်၊ JVP လုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ BVI တွင် Registration ပြုလုပ်ခဲ့ရပါသည်။

MPRL E&P အစုအဖွဲ့ကုမ္ပဏီများအနေဖြင့်၊ BVI ကုမ္ပဏီတည်ထောင်ရခြင်း၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ၊ နိုင်ငံတကာဘဏ်လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့်လည်း၊ Sanction ကြောင့် မြန်မာကုမ္ပဏီများ၏ဘဏ်စာရင်းအား၄င်းတို့ဘဏ်၌ဖွင့်ပေးရန် ငြင်းပယ်နေသည့်အချိန်ကာလဖြစ်သည့်အလျောက်၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများနှင့် JVP ပြုလုပ်မည့် MPRL E&P အနေဖြင့်၊ ဘဏ်လုပ်ငန်းအဖွဲ့အစည်းများဖြင့်ဆက်ဆံရန်လိုအပ်ပါ၍၊ သီးခြားအဖွဲ့အစည်းအဖြစ် တည်ထောင်ရခြင်းဖြစ်ပါသည်။

MPRL E&P Group of Companies ၏ မည်သည့်ကုမ္ပဏီအစုအဖွဲ့မှ United States Government Department တစ်ခုဖြစ်သော Department of Treasury, Sanction List (OFAC List) တွင် ပါဝင်ခြင်းမရှိပါ။ သို့ဖြစ်၍၊ MPRL E&P သည် နိုင်ငံပြင်ပလွတ်လပ်စွာရပ်တည်နေသည့် သီးခြားအဖွဲ့အစည်းအဖြစ်လုပ်ငန်းများဆောင်ရွက်နေပြီး၊ မည်သည့် Sanction Law ကိုမှချိုးဖောက်ခြင်းမရှိပါ။ အကယ်၍၊ MPRL E&P အနေဖြင့်၊ Sanction Law ကို ချိုးဖောက်ခဲ့ပါကလည်း၊ US Government ၏ အရေးယူခြင်းကိုခံရမည်သာဖြစ်ပါသည်။

## MPRL E&P အနေဖြင့်၊ စီးပွားရေးလုပ်ငန်းကိုမည်ကဲ့သို့ဆောင်ရွက်ပါသလဲ?

MPRL E&P ကုမ္ပဏီအနေဖြင့်တည်ဆဲဥပဒေဘောင်အတွင်း၊ ချမှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းများကိုတသွေမသိမ်းလိုက်နာ၍၊ တရားဝင် Legally, ကျွမ်းကျင်မှု Professionally, အကျင့်သိက္ခာ Ethically နှင့်အညီစီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပါသည်။ MPRL E&P ကုမ္ပဏီ၏ ငွေကြေးဆိုင်ရာစာရင်းဇယားများကိုလည်း မြန်မာနှင့်စင်္ကာပူနိုင်ငံများမှ စံသတ်မှတ်ထားသည့်စာရင်းထိန်းသိမ်းထားသိုနည်းများဖြင့်ဆောင်ရွက်ထားရှိပြီး၊ ကုမ္ပဏီအတွင်း Internal Audit မှလည်းကောင်း၊ MOGE ဖြင့်ဖက်စပ်လုပ်ကိုင်သည့်အတွက်၊ အစိုးရဌာနမှစာရင်းစစ်များမှလည်းကောင်း၊ Third Party ဖြစ်သည့် Singapore နိုင်ငံမှစာရင်းစစ်များမှလည်းကောင်း၊ မိမိတို့လုပ်ငန်းအစုအဖွဲ့၏ ငွေကြေးဆိုင်ရာစာရင်းဇယားများကို ၄င်းတို့၏သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီစိစစ်ဆေးရေးဆွဲခံပြီး၊ နှစ်စဉ်စာရင်းစစ်အတည်ပြုပြီးသည့်ဘဏ္ဍာရေးရှင်းတမ်းဖြင့်ရပ်တည်လျှက်ရှိပါသည်။

ဘဏ္ဍာရေးစာရင်းများအား Audit လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ – ကုမ္ပဏီ၏ငွေကြေးဆိုင်ရာ ရှင်းတမ်း Financial Statements များကိုအများမှယုံကြည်လက်ခံနိုင်အောင်၊ သတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့်အညီဆောင်ရွက်ထားရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ လက်ရှိလုပ်ငန်းဖက်စပ်ဆောင်ရွက်လျှက်ရှိသောနိုင်ငံတကာရေနံကုမ္ပဏီကြီးများဖြစ်ကြသည့် TOTAL, Woodside, BG, and Eni ကုမ္ပဏီကြီးများမှ MPRL E&P ကုမ္ပဏီအနေဖြင့်လုပ်ငန်းဆောင်ရွက်ရာတွင်၊ ဖော်ပြပါအတိုင်း Financial Statements အား ပွင့်လင်းမြင်သာစွာဆောင်ရွက်ထားရှိသည့်အတွက်၊ ရေရှည်အကျိုးတူပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

## MPRL E&P ကုမ္ပဏီမည်သူပိုင်ဆိုင်သည်ကိုအများသိအောင်ဘာကြောင့်ကြေငြာခြင်းမပြုသလဲ?

MPRL E&P Group of Companies ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးမိုးမြင့်အနေဖြင့်၊ MPRL E&P ကုမ္ပဏီသည် မြန်မာအမျိုးသားပိုင်ပုဂ္ဂလိကုမ္ပဏီဖြစ်သည့်အလျောက်၊ ကုမ္ပဏီ၏အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအဓိကနေရာများတွင် မြန်မာအမျိုးသားများကသာ ဦးစီးဆောင်ရွက်လျက်ရှိသည်ကို ဦးမိုးမြင့်သည်အမြဲတစေဂုဏ်ယူစွာပွင့်ပွင့်လင်းလင်းထုတ်ဖော်လေ့ရှိပါသည်။

ပုဂ္ဂလိကပိုင်ကုမ္ပဏီများအနေဖြင့်၊ Shareholders (ရှယ်ယာပိုင်ဆိုင်မှု) ကိုလည်းကောင်း၊ ကုမ္ပဏီပိုင်ရှင်ကိုလည်းကောင်းအများပြည်သူသို့အသိပေးဖော်ပြရန်သတ်မှတ်ပြဌာန်းထားသည့်ဥပဒေမရှိပါ။ MPRL E&P ကုမ္ပဏီသည်လည်း လက်ရှိပြဌာန်းထားသောတည်ဆဲဥပဒေများအရ၊ ဖွဲ့စည်းတည်ဆောင်ထားသည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့်အလျောက်၊ Shareholders (ရှယ်ယာပိုင်ဆိုင်မှု)၊ ကုမ္ပဏီပိုင်ရှင်စသည်တို့ကိုဖော်ပြခြင်းမပြုပါ။

## MPRL E&P ကုမ္ပဏီမှ ရှေ့ဆက်ဆောင်ရွက်မည့်အခြေအနေ?

MPRL E&P ကုမ္ပဏီသည် စတင်တည်ထောင်ခဲ့သည့်နေ့မှ ယနေ့အချိန်အထိသတ်မှတ်ပြဌာန်းထား သည့် တည်ဆဲဥပဒေများနှင့်အညီ၊ ဥပဒေဘောင်အတွင်းမှ စည်းမျဉ်းစည်းကမ်းများကို တစိုက်မတ်မတ်လိုက်နာပြီး၊ တရားဝင်စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကကုမ္ပဏီဖြစ်ပါသည်။ အကယ်၍၊ ကုမ္ပဏီသည် အများပိုင်အစုရှယ်ယာကုမ္ပဏီတစ်ခုအဖြစ်ရပ်တည်လာမည့်အချိန်တွင် ဥပဒေပြဌာန်းချက်များအတိုင်းအကျိုးခံစားခွင့်များကို အများပြည်သူအစုရှယ်ယာရှင်များထံသို့ အသိပေးတင်ပြမည်ဖြစ်ပါသည်။

ဆက်သွယ်မေးမြန်းရန်–
ဒေါ်ဝတ်မှုန်တင်လတ်
Senior Communications Officer
CSR & Communications Department
Tel : + 951 230 7733
Fax : + 951 230 7744
Mob : + 959 2506 41928
email : withmone.t.latt@mprlexp.com
website : www.mprlexp.com